Forest Peoples Programme

IFI စံသတ်မှတ်ချက်ဆိုင်ရာ
လမ်းညွှန်
၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ

# ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ဘဏ်စီမံကိန်းများ



## ရပ်ရွာလူထုအတွက် ကမ္ဘာ့ဘဏ်၏ ဌာနေ တိုင်းရင်းသားရေးရာ မူဝါဒလမ်းညွှန် (OP/BP ၄.၁၀)



# ဌာနေတိုင်းရင်းသားရေးရာ မူဝါဒ

အစိုးရမှ သင်တို့၏ နယ်ပယ်ဧရိယာအတွင်း ကမ္ဘာ့ဘဏ်၏ ငွေကြေးထောက်ပံ့မှုဖြင့် စီမံကိန်းဖော်ဆောင်မည် ဆိုပါက ကမ္ဘာ့ဘဏ်မှ ချမှတ်ထားသည့် ဌာနေတိုင်းရင်းသားရေးရာ မူဝါဒများကို မဖြစ်မနေလိုက်နာဆောင်ရွက်ရန် လိုအပ်သည်။ (OP/BP ၄.၁၀) ကမ္ဘာ့ဘဏ်အနေဖြင့် ဌာနေတိုင်းရင်းသားများမှ သဘောတူထောက်ခံမှုမရှိသည့် စီမံကိန်းများကို ထောက်ပံ့မည် မဟုတ်ကြောင်း ဤမူဝါဒ၌ ဖော်ပြထားသည်။ ဤမူဝါဒ၌ ကမ္ဘာ့ဘဏ်နှင့် အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်ထိခိုက်စေနိုင်သည့် စီမံကိန်းများကို မည်သို့စီမံအကောင်အထည်ဖော်သင့်ကြောင်းနှင့် အနည်းဆုံးအနေဖြင့် စီမံကိန်းမှ ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်လာနိုင်ခြေရှိသည့် ထိခိုက်မှုများကို မည်သို့ကာကွယ်တားဆီး၍ လျှော့ချသင့်ကြောင်း စည်းကြပ်သတ်မှတ်ထားသည်။

ဤလမ်းညွှန်ချက်၌ ကမ္ဘာ့ဘဏ် စီမံကိန်းများအတွင်း မဖြစ်မနေလိုက်နာကျင့်သုံးအပ်သည့် စည်းမျဉ်းစည်းကမ်းများကို ဖော်ပြထားသည်။ ဤလမ်းညွှန်သည် ကမ္ဘာ့ဘဏ်စီမံကိန်းများနှင့် ပတ်သက်၍ သင့်အား ပွင့်ပွင့်လင်းလင်း တရားမျှတမှုရှိရှိ တိုင်ပင်ဆွေးနွေး၍ စီမံကိန်းအတွင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် ရပ်ရွာလူထု၏ ရပိုင်ခွင့်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါက ငြင်းပယ်ရန် အခွင့်အရေးရှိကြောင်းတို့ကို ရှင်းလင်းဖော်ပြထားသည်။ ဤလမ်းညွှန်သည် ကမ္ဘာ့ဘဏ်စီမံကိန်းများနှင့် ပတ်သက်၍ သင့်အား ပွင့်ပွင့်လင်းလင်း တရားမျှတမှုရှိရှိ တိုင်ပင်ဆွေးနွေး၍ စီမံကိန်းအတွင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် ရပ်ရွာလူထု၏ ရပိုင်ခွင့်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါက ငြင်းပယ်ရန် အခွင့်အရေးရှိကြောင်းတို့ကို ရှင်းလင်းဖော်ပြထားသည်။

စီမံကိန်းအစီအစဉ် ချမှတ်သည့်အချိန်မှစ၍ ရပ်ရွာလူထုမှ မိမိတို့၏ သဘောဆန္ဒများကို ထုတ်ဖော်ပြောဆိုရန် အလွန်အရေးကြီးသည်။ ထိုသို့မဟုတ်ဘဲ စီမံကိန်းအား ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေထောက်ပံ့ရန် ဆုံးဖြတ်ပြီးနောက်ပိုင်းမှသာ အပြောင်းအလဲပြုလုပ်ရန် ကြိုးပမ်းမည်ဆိုပါက အလွန်ခက်ခဲသွားပါလိမ့်မည်။

ဤလမ်းညွှန်အတွင်း ဖော်ပြထားသည့် ဇယားကွက်များသည် မူဝါဒရေးရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်မှ တရားဝင်အသုံးပြုသည့် စကားရပ်များကို ရှင်းလင်းတင်ပြထားခြင်းဖြစ်သည်။ မိမိတို့၏ ရပ်ရွာလူထုများ၊ အဖွဲ့အစည်းများနှင့် ခေါင်းဆောင်များအနေဖြင့် အဆိုပါစကားရပ်များ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန် လိုအပ်သည်။

သို့မှသာ ကမ္ဘာ့ဘဏ်အား ၎င်းတို့၏ အသုံးအနှုန်းများအတိုင်း ရှင်းလင်းတင်ပြနိုင်မည်ဖြစ်ပြီး အစိုးရနှင့် ဘဏ်ဘက်မှလည်း ဂရုတစိုက်နားထောင်လာပါလိမ့်မည်။

စာမျက်နှာ(၁၀)သည် ဌာနေတိုင်းရင်းသားများအား ထောက်ပံ့ကူညီလျက်ရှိသည့် အဖွဲ့အစည်းများနှင့် ကမ္ဘာ့ဘဏ်တို့ထံမှ သတင်းအချက်အလက်များကို မည်သို့ရယူနိုင်ကြောင်း ရှင်းလင်းဖော်ပြထားခြင်းဖြစ်သည်။

ဤလမ်းညွှန်ကို သစ်တောနေလူထုအစီအစဉ်(FPP)မှ ကမ္ဘာ့ဘဏ်၏ ဌာနေတိုင်းရင်းသားရေးရာမူဝါဒအောက်၌ ကမ္ဘာ့ဘဏ်နှင့် ချေးငှားသူအစိုးရတို့မှ မဖြစ်မနေလိုက်နာရန်လိုအပ်သည့် အဓိကစည်းမျဉ်းစည်းကမ်းများအပေါ် သစ်တောနေလူထုအစီအစဉ်(FPP)မှ နားလည်သဘောပေါက်ထားသည့်အတိုင်း ရေးသားတင်ပြခြင်းဖြစ်သည်။

သင့်အနေဖြင့် ကမ္ဘာ့ဘဏ်သို့ တိုက်ရိုက်ဆက်သွယ်ရန်သော်လည်းကောင်း ကမ္ဘာ့ဘဏ်စီမံကိန်းများကို တုန့်ပြန်ရန်သော်လည်းကောင်း အခြားနည်းလမ်းများကို အသုံးပြု၍လည်း ချဉ်းကပ်လုပ်ဆောင်နိုင်ပါသည်။ အစိုးရများကိုလည်း သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံတော်ဥပဒေများအားဖြင့် စည်းကြပ်ထားလေ့ရှိသည်။

စီမံကိန်းမှ အဆိုပါဥပဒေများကို ချိုးဖောက်သည်ဟု ယူဆပါက သင့်အနေဖြင့် မိမိနိုင်ငံ၏ တရားရုံးများကို အသုံးပြု၍ အစိုးရအားစွဲချက်တင်နိုင်သည်။

ထိုသို့မဟုတ်ပါကလည်း သင့်အနေဖြင့် မိမိတို့တိုင်းပြည်မှ သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူစာချုပ်များ၌ ပါရှိသည့် တိုင်ကြားလွှာများ၊ အစီရင်ခံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ မိမိတို့ ခံစားရသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်သည့် သဘောထားများကို တိုင်တိုင်းလျှောက်လဲနိုင်ပါသည်။

စီမံကိန်းနှင့် ပတ်သက်၍ တိုင်ကြားရန် သို့မဟုတ် လျှောက်လဲတင်ပြရန်အတွက် နည်းလမ်းများကို ရွေးချယ်ရာ၌ ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊ မိမိတို့ တိုင်းပြည်အတွင်းရှိ NGO များနှင့်သော်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း တိုင်ပင်ဆွေးနွေးနိုင်ပါက ပိုမိုထိရောက် အကျိုးရှိနိုင်ပါသည်။

## ၁ ကမ္ဘာ့ဘဏ်၏ စီမံကိန်းတစ်ခု အစပြုမှုကို - စုံစမ်းစစ်ဆေးခြင်း

အစိုးရမှ ကမ္ဘာ့ဘဏ်သို့ စီမံကိန်းတစ်ခုခုကို အဆိုပြုလာပါက ဘဏ်အနေဖြင့် အဆိုပါစီမံကိန်းသည် ကမ္ဘာ့ဘဏ်၏ ဌာနေတိုင်းရင်းသားရေးရာမူဝါဒကို လိုက်နာမှုရှိမရှိ ဦးစွာစုံစမ်းဖော်ထုတ်ရန်လိုအပ်သည်။

ထိုသို့ပြုလုပ်ရန်အတွက် ကမ္ဘာ့ဘဏ်အနေဖြင့် ဦးစွာ ယင်းနယ်မြေဒေသနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ရှာဖွေလေ့လာရန် လိုအပ်သည်။ ထို့ပြင် ယင်းစီမံကိန်းနယ်မြေအတွင်းရှိ ဌာနေတိုင်းရင်းသားများအကြောင်း စူးစမ်းလေ့လာရန်အတွက် 'အကြံပေးများ'ကို စေလွှတ်ရန် လိုအပ်ကောင်း လိုအပ်နိုင်သည်။ ဤကနဦးအဆင့်ကို 'စုံစမ်းစစ်ဆေးခြင်း' ဟုခေါ်သည်။ အများအားဖြင့် ဌာနေတိုင်းရင်းသားများသည် ထိုကဲ့သို့သော အကြံပေးများ လာရောက်လည်ပတ်သည့်အခါမှသာလျှင် စီမံကိန်းအကြောင်း ပထမဆုံးအနေဖြင့် ကြားသိရလေ့ရှိသည်။

စစ်ဆေးမှုက 'စီမံကိန်းနယ်မြေ'ဟုခေါ်သည့် စီမံကိန်းအနီးပတ်ဝန်းကျင်၌ နေထိုင်လျက်ရှိသည့် ဌာနေတိုင်းရင်းသားများ သို့မဟုတ် ဌာနေတိုင်းရင်းသားများမှ ရာသီအလိုက်သာလျှင် အသုံးပြုသည့် အထွဋ်အမြတ်နယ်မြေများအပါအဝင် 'အများဆိုင်အရင်းအမြစ်များ'ဟု ခေါ်ဆိုသည့် နယ်ပယ်များနှင့် မျိုးရိုးစဉ်ဆက်လက်ဆင့်ကမ်းလာခဲ့ကြသည့် မြေယာများအပေါ် သက်ရောက်ထိခိုက်စေနိုင်သည်ဟု ပြဆိုလျက်ရှိပါက အစိုးရနှင့် ကမ္ဘာ့ဘဏ်အနေဖြင့် ဤမူဝါဒကို မဖြစ်မနေ လိုက်နာကျင့်သုံးရန် လိုအပ်သည်။




*Illustrations adapted from "Where there is no artist" by Petra Röhr-Rouendaal*

# မူဂါဒ၌ မည်သည့်အရာများကို ဖော်ပြထားသနည်း။

## ၂ ပူပေါင်းပါဝင်ပိုင်ခွင့်

အစိုးရအနေဖြင့် စီမံကိန်းစုံစမ်းစစ်ဆေးသည့်အဆင့်မှသည် ပြီးဆုံးချိန်ထိ စီမံကိန်းအဆင့်တိုင်း၌ ဌာနေတိုင်းရင်းသားများနှင့် မဖြစ်မနေ ဆွေးနွေးတိုင်ပင်ရန် လိုအပ်သည်။ ဤသို့ ဆွေးနွေးတိုင်ပင်ခြင်းအားဖြင့် စီမံကိန်းနှင့် ပတ်သက်သည့် ရပ်ရွာလူထု၏ သဘောထားများ၊ ထင်မြင်ယူဆချက်များ၊ လုပ်ဆောင်သင့်သည့်အရာများနှင့် စီမံကိန်းအပေါ် သဘောတူထောက်ခံမှု ရှိမရှိစသည်တို့ကို စူးစမ်းဖော်ထုတ်နိုင်မည်ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်နေစဉ် တစ်လျှောက်လုံးတွင်လည်း အစိုးရအနေဖြင့် ရပ်ရွာလူထု၏ ထင်မြင်ယူဆချက်များကို ပုံမှန်တောင်းခံ၍ စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြရမည်။ စီမံကိန်းဖော်ဆောင်နေစဉ်အတွင်း အကြံပေးများ၊ အစိုးရအရာရှိများ သို့မဟုတ် ဘဏ်ဂန်ထမ်းများမှ သင့်တို့ထံသို့ မကြာခဏ လာရောက်လည်ပတ်နိုင်သည်။

**ဆွေးနွေးတိုင်ပင်မှုတိုင်းသည် လွတ်လပ်မှုရှိ၍ ကြိုကြိုတင်တင် အသိပေးအကြောင်းကြားမှု ရှိရမည်။**

- 'လွတ်လပ်မှု' ဆိုသည်မှာ ရပ်ရွာလူထုများမှ မိမိတို့၏ ထင်မြင်ယူဆချက်များကို မိမိတို့သဘောဆန္ဒအလျောက် ထုတ်ဖော်ပြောဆိုခြင်းဖြစ်ပြီး ၎င်းတို့လိုချင်သည့် အဖြေရရှိရန်အတွက် သွေးဆောင်ဖျားယောင်းမှု၊ လိမ်ညာမှု သို့မဟုတ် အတင်းအကျပ်ပြုလုပ်ခြင်းမှ ကင်းလွတ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။
- 'ကြိုကြိုတင်တင်' ဆိုသည်မှာ အစိုးရမှ ဆွေးနွေးတိုင်ပင်ရန်အတွက် ကြိုတင်အသိပေး ပြောဆိုခြင်းဖြစ်ပြီး ယင်းသည်လည်း စီမံကိန်းဆိုင်ရာ ဆုံးဖြတ်ချက်များ မချမှတ်မီဖြစ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။
- 'အသိပေးခြင်း' ဆိုသည်မှာ အစိုးရမှ စီမံကိန်းနှင့် ပတ်သက်သည့် ကောင်းကျိုးဆိုးပြစ်အားလုံးကို မခြွင်းမချန် မှန်မှန်ကန်ကန်ထုတ်ဖော်ပြောဆို ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အစိုးရသည် သတင်းအချက်အလက်များကို ရပ်ရွာလူထုမှ နားလည်နိုင်သည့် မှန်ကန်သောဘာသာစကားများကို ရွေးချယ်အသုံးပြု၍ ထုတ်ပြန်ပေးရမည်ဟု ဆိုလိုခြင်းဖြစ်သည်။



လွတ်လပ်မှုရှိ၍ ကြိုတင် အသိပေးမှုရှိသည့် ဆွေးနွေးတိုင်ပင်မှုဆိုသည်မှာ အစိုးရမှ 'မှန်ကန်သည့်သဘောထား' ဖြင့် ရိုးသားပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဆွေးနွေးတိုင်ပင်မှုသည် ရပ်ရွာဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်သည့် ထုံးတမ်းဓလေ့အပါအဝင် ဌာနေတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို လေးစားတန်ဘိုးထားသည့် ပုံစံမျိုးဖြစ်ရမည်။

လွတ်လပ်မှုရှိ၍ ကြိုတင်အသိပေးမှုရှိသည့် ဆွေးနွေးတိုင်ပင်မှုဆိုသည်မှာ သတင်းအချက်အလက်များ ထုတ်ပြန်ပေးရုံ နားထောင်ပေးရုံ သက်သက်ထက် ပိုမိုလေးနက်သည့် အဓိပ္ပာယ်ရှိသည်။ ဆိုလိုသည်မှာ စီမံကိန်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ရပ်ရွာလူထုမှ တက်တက်ကြွကြွ ပါဝင်မှုရှိခြင်းကို ရည်ရွယ်ပြောဆိုခြင်းဖြစ်ပြီး ယင်းကို '**ကြိုတင်အသိပေးထားသော ပူးပေါင်းပါဝင်မှု**' ဟုခေါ် ဆိုပါသည်။




## ၃ လူမှုရေးအခြေအနေ ဆန်းစစ်မှု

အစိုးရအနေဖြင့် 'စုံစမ်းစစ်ဆေးမှု'ပြီးနောက် စီမံကိန်းစတင်ခြင်းမပြုမီ ရပ်ရွာလူထုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ကောက်ယူရန်အတွက် လူမှုရေးအခြေ အနေလေ့လာဆန်းစစ်မှု(SA)ကို မဖြစ်မနေလုပ်ဆောင်ရမည်။ အစိုးရနှင့် ဘဏ်သည် ယင်း 'လူမှုရေးအခြေအနေ လေ့လာဆန်းစစ်မှု' အတွင်း သင်တို့၏ ရပ်ရွာလူထုနှင့် အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်နိုင်အောင် လုပ်ဆောင်ပေးရမည်။ (ဇယားကွက် ဂ ကို ကြည့်ရှုပါ။)

လူမှုရေးအခြေအနေ လေ့လာဆန်းစစ်ရာ၌ သင့်ရပ်ရွာလူထု၏ 'ထုံးတမ်းဓလေ့ဆိုင်ရာ အခွင့်အရေးများ' ကို မဖြစ်မနေ မှတ်တမ်းတင်ထားရှိရန် လိုအပ်သည်။ ဆိုလိုသည်မှာ မိမိတို့၏ ကိုးကွယ်ယုံကြည်မှုဓလေ့များနှင့် နေ့စဉ်လိုအပ်ချက်များ ('အသက်မွေးဝမ်းကျောင်းမှု') အတွက် လိုအပ်သော အပင်များ၊ တိရိစ္ဆာန်များ၊ ရေ၊ ကျောက်များနှင့် မီးကဲ့သို့သော ('သဘာဝ သယံဇာတများ') သဘာဝ၏ လက်ဆောင်မွန်များနှင့် မိမိတို့ပိုင်မြေယာများကို ပိုင်ဆိုင်ခွင့်နှင့် အသုံးပြုမှုဆိုင်ရာ ထုံးတမ်းဓလေ့ ဥပဒေများနှင့် ရိုးရာအလေ့အထများကို ရည်ရွယ်ခြင်းဖြစ်သည်။

လူမှုရေးအခြေအနေ လေ့လာဆန်းစစ်မှု၏ ရည်ရွယ်ချက်မှာ စီမံကိန်းမှ ရပ်ရွာလူထုအပေါ် သက်ရောက်ထိခိုက်နိုင်ခြေနှင့် အချို့သောအခြေအနေမျိုး၌ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်ထိခိုက်မှုများကိုပါ ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။

# မူဝါဒ၌ မည်သည့်အရာများကို ဖော်ပြထားသနည်း။

## ၄ ရပ်ရွာလူထု အများစု၏ ထောက်ခံမှု

လူမှုရေးအခြေအနေလေ့လာဆန်းစစ်မှုကို လွတ်လပ်၍ ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှုပုံစံဖြင့် ပြုလုပ်ရမည်။ ထို့ပြင် စီမံကိန်းအစီအစဉ်ချမှတ်မှု ('စီမံကိန်းပြင်ဆင်မှု' ဇယားကွက် ၁-၆ ကိုကြည့်ရှုပါ) မှသည် စီမံကိန်းမှတ်တမ်းမှတ်ရာများ ပြန်လှန်သုံးသပ်မှု ('စီမံကိန်းအကဲဖြတ်မှု' ဇယားကွက် ၇ တွင်ကြည့်ရှုပါ)ပြုလုပ်ခြင်းအထိ စီမံကိန်းနှင့် ပတ်သက်၍ ရပ်ရွာအတွင်း 'ရပ်ရွာလူထု အများစု၏ ထောက်ခံမှု' ရှိမရှိကိုလည်း ရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။

ရပ်ရွာလူထု အများစု၏ ထောက်ခံမှုဆိုသည်မှာ ရပ်ရွာအတွင်းရှိ လူအများစုမှ စီမံကိန်းကို သဘောတူ၍ အကောင်အထည်ဖော်ရန် လိုလားမှုရှိခြင်းဖြစ်သည်။

အစိုးရအနေဖြင့် ရပ်ရွာလူထုအများစု၏ ထောက်ခံမှုရရှိထားကြောင်း သက်သေပြနိုင်ခြင်းမရှိပါက ကမ္ဘာ့ဘဏ်မှ အဆိုပါ စီမံကိန်းအတွက် ရန်ပုံငွေ ထောက်ပံ့လိမ့်မည်မဟုတ်ပေ။ စီမံကိန်းကို လက်မခံလိုပါက ရပ်ရွာအတွင်းရှိ လူထုအများစုမှ စီမံကိန်းကို ငြင်းပယ်ရန်လိုအပ်သည်။ စီမံကိန်းအပေါ် လူအနည်းငယ်ခန့်ကသာ ဆန့်ကျင်နေပါက ယင်းကို ရပ်ရွာလူထုမှ ထောက်ခံမှုမရှိဟု ယူဆရန်ခက်သည်။




## ၅ ဌာနေတိုင်းရင်းသားရေးရာ အစီအမံ

စီမံကိန်းအပေါ် ရပ်ရွာလူထုအများစုမှ ထောက်ခံမှုမရှိပါက အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားရေးရာ အစီအမံ(IPP)ကို ရေးဆွဲဖော်ထုတ်ရန် လိုအပ်သည်။

ဌာနေတိုင်းရင်းသားရေးရာအစီအမံ၌ လူထုနှင့် စီမံကိန်းမည်သို့ လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း ရေးသားဖော်ပြရသည်။ ယင်း၌ စီမံကိန်းမှ ရပ်ရွာလူထုအပေါ် သက်ရောက်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို မည်သို့လျှော့ချမည် သို့မဟုတ် ရှောင်လွှဲမည်ဖြစ်ကြောင်းနှင့် တစ်စုံတစ်ရာမှားယွင်းချွတ်ချော်ခဲ့ပါက မည်သို့စောဒကတက်နိုင်ကြောင်း ဖော်ပြပါရှိသည်။

သင်တို့အနေဖြင့် ဤစီမံကိန်းအားဖြင့် မိမိတို့၏ ဌာနေဗဟုသုတများနှင့် ရိုးရာယဉ်ကျေးမှုကို တိုးတက်မြင့်မားလာအောင် လုပ်ဆောင်နိုင်ကြောင်း သဘောတူလက်ခံပါက ထိုသို့လက်ခံသဘောတူကြောင်း ဌာနေတိုင်းရင်းသားရေးရာ အစီအမံအတွင်း ထည့်သွင်းဖော်ပြထားရမည်။ ထို့ပြင် သင်တို့၏ ဌာနေဗဟုသုတများနှင့် ရိုးရာယဉ်ကျေးမှုအရ စီမံကိန်းကို စီမံအုပ်ချုပ်မည့် အစီအစဉ်များရှိပါကလည်း မဖြစ်မနေ ထည့်သွင်းဖော်ပြထားရှိရန် လိုအပ်သည်။

ဌာနေတိုင်းရင်းသားရေးရာအစီအမံအတွင်း ဌာနေရိုးရာယဉ်ကျေးမှုနှင့် အညီ စီမံကိန်းမှ ဖော်ထုတ်ပေးမည့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များကို ဖော်ပြထားသည့် လုပ်ငန်းစီမံချက်ကိုလည်း ထည့်သွင်းဖော်ပြထားရန် လိုအပ်သည်။

စီမံကိန်းသည် လမ်း၊ ပိုက်လိုင်း၊ ရေကာတာ၊ မီးအားလိုင်း သို့မဟုတ် သင်တို့၏ မြေပေါ်တွင် ကာလရှည်တည်ရှိနေမည့် အခြားအဆောက်အဦးတစ်မျိုးမျိုးကို တည်ဆောက်မည်ဆိုပါက အစိုးရအနေဖြင့် သင်တို့၏မြေကို တရားဝင်အသုံးပြု ခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်သို့ တင်ပြရန်လိုအပ်ပြီး သင်တို့ပိုင်ဆိုင်သည့် အစဉ်အလာနယ်မြေများကို တရားဝင်မှတ်ပုံတင်ပေးရမည်ဖြစ်သည်။ ဤသို့သော တရားဝင်အသိအမှတ်ပြုမှုကို ဌာနေတိုင်းရင်းသားရေးရာအစီအမံ၏ လုပ်ငန်းစီမံချက်အတွင်း ထည့်သွင်းဖော်ပြထားရမည်။

စီမံကိန်းများကို ကာလရှည်အဆောက်အအုံမျိုးဖြင့် တည်ဆောက်ခြင်းမရှိသော်လည်း သင်တို့၏မြေယာများအား အခြား ပုံစံတစ်မျိုးမျိုးဖြင့် ထိခိုက်စေမည်ဆိုပါက သင်တို့အနေဖြင့် မိမိတို့ရပ်ရွာလူထု၏ အများစုထောက်ခံမှုကို အစိုးရမှ သင်တို့၏မြေယာများကို တရားဝင်အသိအမှတ်ပြုပြီးမှသာလျှင် ဖော်ထုတ်ပေးအပ်မည်ဟု ဆုံးဖြတ်နိုင်သည်။ ဤအခြေအနေမျိုးကိုလည်း ဌာနေတိုင်းရင်းသားရေးရာ အစီအမံ၏ လုပ်ငန်းစီမံချက်အတွင်း မဖြစ်မနေထည့်သွင်းဖော်ပြထားရန် လိုအပ်သည်။

ဌာနေတိုင်းရင်းသားရေးရာ အစီအမံအတွင်း ဌာနေရပ်ရွာလူထုများအား အကျိုးပြုရန် ရည်ရွယ်သည့် လုပ်ဆောင်ချက်များနှင့်ပတ်သက်သည့် အချိန်သတ်မှတ်ချက်နှင့် ဘဏ္ဍာရေးလျာထားချက်များကိုလည်း မဖြစ်မနေ ထည့်သွင်းရေးဆွဲထားရမည်။

## ၆ အတင်းအကျပ် ရွှေ့ပြောင်းနေရာချထားမှုကို ကာကွယ်တားဆီးခြင်း

ကမ္ဘာ့ဘဏ်၏ စည်းမျဉ်းစည်းကမ်းများအရ အစိုးရအနေဖြင့် ရပ်ရွာလူထုအများစုမှ ရွှေ့ပြောင်းရန် လက်ခံသဘောတူညီမှုမရှိပါက ရပ်ရွာအား အတင်းအကျပ်ရွှေ့ပြောင်းနေရာချထားမှု မပြုနိုင်ပေ။

### ကန့်သတ်နယ်မြေများ

စီမံကိန်း၌ အမျိုးသားဥယျာဉ်များ သို့မဟုတ် အခြားကန့်သတ်နယ်မြေများ ပါဝင်နေပါက လွတ်လပ်၍ ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှုအပြီး ရပ်ရွာလူထုမှ သဘောတူမှုမရှိလျှင် သို့မဟုတ် ရပ်ရွာလူထုအများစု၏ ထောက်ခံမှု မရရှိလျှင် စီမံကိန်းမှ ရပ်ရွာလူထု၏ ယင်းနယ်မြေဒေသ အသုံးပြုမှုကို ပြောင်းလဲခြင်း သို့မဟုတ် ကန့်သတ်ခြင်းတို့ကို ရှောင်လွှဲရမည်။

စီမံကိန်းမှ အမျိုးသားဥယျာဉ်များ သို့မဟုတ် ကန့်သတ်နယ်မြေများနှင့် ပတ်သက်သည့် ရပ်ရွာလူထု၏ အသုံးပြုမှုကို ပိတ်ပင်ရန် သို့မဟုတ် ကန့်သတ်နိုင်သည့် အချို့သော 'ခြွင်းချက်အခြေအနေများ'လည်း ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်မှ ဖော်ပြထားသည်။ ထိုကဲ့သို့သော အခြေအနေမျိုးဖြစ်ပါက အစိုးရအနေဖြင့် ဘဏ်၏ ရွှေ့ပြောင်းနေရာချထားမှု(OP ၄.၁၂ ဟုခေါ် သည့်)ဆိုင်ရာမူဝါဒတွင် ဖော်ပြထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ရပ်ရွာလူထုအများစု၏ ထောက်ခံမှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည့် လုပ်ငန်းစဉ်မူဘောင်တစ်ရပ်ကို ရေးသားပြုစုရမည်ဖြစ်သည်။

# မူဝါဒ၌ မည်သည့်အရာများကို ဖော်ပြထားသနည်း။

## ၁ စီမံကိန်းအတည်ပြုခြင်းနှင့် အကဲဖြတ်ခြင်း

ဤအဆင့်တွင် အစိုးရမှ ၎င်းတို့ရေးသားပြုစုထားသည့် လူမှုရေးအခြေအနေလေ့လာဆန်းစစ်မှု အစီရင်ခံစာ၊ လုပ်ငန်း စဉ်မူဘောင်နှင့် ဌာနေတိုင်းရင်းသားရေးရာ အစီအမံမူကြမ်းတို့ကို ရပ်ရွာလူထုအား အပ်နှံပေးရမည်။ ထိုစာရွက်စာတမ်းများကို ရပ်ရွာလူထုမှ အလွယ်တကူနားလည်နိုင်မည့် ဘာသာစကားမျိုးဖြင့် ရေးသားထားရမည်။

ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ရာမှ ထွက်ပေါ်လာသည့် ရလဒ်များအပါအဝင် စီမံကိန်းနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များကို 'အကဲဖြတ်မှုများ'(ပြန်လှန်သုံးသပ်မှုများ) ပြုလုပ်ရန်အတွက် ကမ္ဘာ့ဘဏ်မှ အဆိုပါနိုင်ငံသို့ လာရောက်လေ့လာမည်ဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်၍ မိမိတို့မှ ကျေနပ်အားရမှုမရှိပါက မိမိတို့နိုင်ငံသို့ လာရောက်လေ့လာမည့် ကမ္ဘာ့ဘဏ်၏ အကဲဖြတ်အဖွဲ့နှင့် တွေ့ဆုံနိုင်အောင် ကြိုးပမ်းအားထုတ်ရန် လိုအပ်သည်။

ဘဏ်မှ စီမံကိန်းဖော်ပြချက်(ဇယားကွက် ၄ ၌ ကြည့်ရှုပါ) ဆိုင်ရာ စာရွက်စာတမ်းကို ပုံမှန်မွမ်းမံပြင်ဆင်၍ အစိုးရမှ ဌာနေတိုင်းရင်းသားရေးရာ အစီအမံရေးဆွဲရာတွင် ဘဏ်မူဝါဒပါ စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရန် စည်းကြပ်ဆောင်ရွက်သည်။ ဘဏ်မှ အကောင်အထည်ဖော်ဆောင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက်များကို အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ပေးရသည်။ သင့်ရပ်ရွာလူထုအများစု၏ ထောက်ခံမှုရရှိထားကြောင်း ခိုင်မာသည့် အထောက်အထား မတွေ့ရှိရပါက စီမံကိန်းအကဲဖြတ်မှုကို ရပ်ဆိုင်းမည်ဖြစ်သည်။

ရပ်ရွာလူထုအများစု၏ ထောက်ခံမှုရရှိထားပါက စီမံကိန်းအနေဖြင့် ကမ္ဘာ့ဘဏ်၏ ဌာနေတိုင်းရင်းသားရေးရာ မူဝါဒနှင့် အညီ ဖော်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားသည့် စီမံကိန်းအကဲဖြတ်ချက်စာတမ်း(PAD)ကို ဘဏ်ဘက်မှ ရေးသားပြုစုရသည်။ ယင်းအကဲဖြတ်ချက်ကို စီမံကိန်းအတည်ပြုပြီးမှသာလျှင် ဘဏ်ဘက်မှ အများပြည်သူသိရှိစေရန် ထုတ်ပြန်ပေးသည်။

ချေးယူသုံးစွဲမည့် ငွေပမာဏနှင့် စည်းကမ်းချက်များကို ဘဏ်နှင့် အစိုးရအကြား ညှိနှိုင်းဆွေးနွေးရသည်။ ကမ္ဘာ့ဘဏ်၏ အမှုဆောင်ဒါရိုက်တာအဖွဲ့မှ ချေးငွေအပေါ် စီမံအုပ်ချုပ်မည့် တရားဝင် သဘောတူညီချက်များကို အတည်ပြုဆုံးဖြတ်သည်။

## ၅ စီမံကိန်းဖော်ဆောင်မှု

အစိုးရအနေဖြင့် စီမံကိန်းအကဲဖြတ်ချက်နှင့် နောက်ဆုံးအတည်ပြုထားသည့် မှတ်တမ်းမှတ်ရာများကို ဌာနေတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီသည့်ပုံစံဖြင့် အလွယ်တကူလက်လှမ်းမီနိုင်မည့် နေရာများ၌ ဌာနေတိုင်းရင်းသားများ နားလည်နိုင်သည့် ဘာသာစကားမျိုးဖြင့် ထုတ်ပြန်ပေးရမည်။

အစိုးရမှ စီမံကိန်းဆိုင်ရာ တိုင်ကြားမှု လက်ခံဖြေရှင်းရေးစနစ်တစ်ရပ်ကို ချမှတ်ထားရမည်။ ယင်းစနစ်အတွင်း လွတ်လပ်၍ ကြိုတင်အသိပေးထားသည့် ဆွေးနွေးတိုင်ပင်မှုအပါအဝင် စီမံကိန်းအကောင်အထည်ဖော်မှုနှင့် ရပ်ရွာလူထု၏ ပါဝင်မှုကဏ္ဍများကို စောင့်ကြည့်လေ့လာခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်အနေဖြင့် အစိုးရမှ ချေးငွေဆိုင်ရာ တရားဝင်သဘောတူညီချက်နှင့်အညီ စီမံကိန်းကို အကောင်အထည် ဖော်ဆောင်လျက်ရှိကြောင်း သေချာအောင် ဆောင်ရွက်ရမည်။

## ၄ ကမ္ဘာ့ဘဏ် အသုံးအနှုန်းများအပေါ် နားလည်သဘောပေါက်မှု

ကမ္ဘာ့ဘဏ်မူဝါဒအတွင်း စည်းမျဉ်းစည်းကမ်း('အဓိပ္ပာယ်ဖွင့်ဆိုချက်') ကို ရှင်းလင်းဖော်ပြထားသည့် သီးခြားစကားရပ်များကို အသုံးပြုထားသည်။ ရပ်ရွာလူထုများ၊ အဖွဲ့အစည်းများနှင့် ရပ်ရွာခေါင်းဆောင်များမှ အဆိုပါစကားလုံး အဓိပ္ပာယ်များနှင့် အကျွမ်းတဝင်ရှိမှသာလျှင် အစိုးရနှင့် ဘဏ်ဘက်မှ မိမိတို့၏ အမြင်သဘောထားများကို ထည့်သွင်းစဉ်းစားလာအောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

ဤလမ်းညွှန်အတွင်း ပဓာနကျသည့် အချို့သောမူဝါဒရေးရာ စကားလုံးအသုံးအနှုန်းများကို ရှင်းလင်းဖော်ပြထားသည်။
လွတ်လပ်၍ ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှု - ဇယားကွက်(၂)ကို ကြည့်ပါ။
ရပ်ရွာလူထုအများစု၏ ထောက်ခံမှု - ဇယားကွက် (၄)ကို ကြည့်ပါ။
ကြိုတင်အသိပေးထားသည့် ပူးပေါင်းပါဝင်မှု - ဇယားကွက် (၂)ကို ကြည့်ပါ။
အများဆိုင်အရင်းအမြစ်များ - ဇယားကွက် (၁)ကို ကြည့်ပါ။

သင်တို့ နားလည်သဘောပေါက်ရန် လိုအပ်သည့် ကမ္ဘာ့ဘဏ်၏ အခြားစကားလုံး အသုံးအနှုန်းများမှာ

- စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်မှတ်စု (PID) - သည် စီမံကိန်းရည်ရွယ်ချက်၊ ကုန်ကျစရိတ်နှင့် စီမံကိန်းနယ်မြေအတွင်းရှိ ဌာနေတိုင်းရင်းသားရေးရာနှင့် အခြားလူမှုရေးရာကိစ္စရပ်များကို မည်သို့ကိုင်တွယ်ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် ကမ္ဘာ့ဘဏ်မှ အကျဉ်းချုံးထုတ်ပြန်ထားသော မှတ်စုဖြစ်သည်။

- ဘက်စုံဘေးဆီးရန်ကာရေးဆိုင်ရာ အချက်အလက်မှတ်စု(ISDS) – သည်အထက်တွင် ဖော်ပြခဲ့သည့် PID ကဲ့သို့ပင် ကမ္ဘာ့ဘဏ်မှ လိုရင်းတိုရှင်းထုတ်ပြန်ထားသည့် အလွန်အရေးပါသည့် စာတမ်းတစ်ခုဖြစ်သည်။ ယင်း၌ စီမံကိန်းများ၌ ကမ္ဘာ့ဘဏ်၏ စည်းမျဉ်းဥပဒေသများကို လိုက်နာကျင့်သုံးရန်နှင့် ဌာနေတိုင်းရင်းသားရေးရာမူဝါဒများကို လိုက်နာကျင့်သုံးရန် လိုအပ်သည်ဟု ဘဏ်မှ ယူဆသည့် ကိစ္စရပ်များနှင့် ပတ်သက်သည့် မှတ်တမ်းများကို ဖော်ပြထားသည်။ စီမံကိန်းမှ မိမိတို့ရပ်ရွာလူထုကို အကျိုးပြုသည်ဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေသည်ဖြစ်စေ မိမိတို့အနေဖြင့် ISDS နှင့်ပတ်သက်သည့် ဘဏ်၏ဆုံးဖြတ်ချက်များအပေါ် လွတ်လပ်စွာသဘောထား ကွဲလွဲပိုင်ခွင့်ရှိသည်။

- စီမံကိန်းအကဲဖြတ်ချက် - သည် ကမ္ဘာ့ဘဏ်မှ မိမိတို့ကိုယ်တိုင်သော်လည်းကောင်းအကြံပေးများ သော်လည်းကောင်း၊ အစိုးရမှသော်လည်းကောင်း ကောက်ယူထားသည့် သတင်းအချက်အလက်များနှင့် အစီရင်ခံစာများအားလုံးကိုစုဆောင်းရယူသည့် စီမံကိန်း၏ နောက်ဆုံးပြင်ဆင်မှုအပိုင်းဖြစ်သည်။ ဤအဆင့်၌ ဌာနေတိုင်းရင်းသားရေးရာမူဝါဒအပါအဝင် ဘဏ်မှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို စီမံကိန်းမှ လိုက်နာမှုရှိမရှိနှင့် ရန်ပုံငွေ ထောက်ပံ့ရန် သင့်လျော်မှု ရှိမရှိတို့ကို ဘဏ်ဘက်မှ ဆုံးဖြတ်ရသည်။ အကဲဖြတ်သည့်အဆင့်၌ မိမိတို့လက်ခံရရှိသည့် သတင်းအချက်အလက်များကို စစ်ဆေးသုံးသပ်ရန်နှင့် သဘောတူညီချက်များအတိုင်း မှန်ကန်စွာဆောင်ရွက်နေခြင်းရှိမရှိတို့ကို သုံးသပ်လေ့လာရန်အတွက် ဘဏ်ဝန်ထမ်းများကို သင်တို့ထံသို့ စေလွှတ်ကောင်းစေလွှတ်နိုင်သည်။ ဤအဆင့်သည် သင်တို့၏ ထင်မြင်ယူဆချက်များကို တင်ပြနိုင်သည့် နောက်ဆုံးအခွင့်အရေးဖြစ်သောကြောင့် ကမ္ဘာ့ဘဏ်မှ မည်သည့်အချိန်၌ စီမံကိန်းကို အကဲဖြတ်မည်ဖြစ်ကြောင်း မေးစမ်းရန်လိုအပ်သည်။

- စီမံကိန်းအကဲဖြတ်ချက်စာတမ်း(PAD) - သည် စီမံကိန်း၊ ဘဏ္ဍာရေးလျာထားချက်များနှင့် ဌာနေတိုင်းရင်းသားရေး ရာကိစ္စရပ်များကို မည်သို့ကိုင်တွယ်ဖြေရှင်းမည် ဖြစ်ကြောင်း တို့ကို အပြည့်အစုံဖော်ပြထားသည့် စာတမ်းကြီးဖြစ်သည်။ ယင်းစာတမ်းအတွင်း လူမှုရေးအခြေအနေလေ့လာဆန်းစစ်ချက်၊ အတည်ပြုထားသည့် ဌာနေတိုင်းရင်းသားရေးရာမူဝါဒဆိုင်ရာ အကျဉ်းချုံးဖော်ပြချက်များ ပါရှိရမည်ဖြစ်ပြီး အခြားလေ့လာဆန်းစစ်မှုများနှင့် အစီအမံများကို နောက်ဆက်တွဲများအဖြစ် ထည့်သွင်းဖော်ပြရန်လိုအပ်သည့်အပြင် လွတ်လပ်၍ ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှုလုပ်ငန်းစဉ်ဆိုင်ရာ မှတ်တမ်းများနှင့် စီမံကိန်းအပေါ် ရပ်ရွာလူထုနှင့် အဖွဲ့အစည်းများ၏ သဘောထားတို့ကိုလည်း ထည့်သွင်းဖော်ပြရမည်။ ထို့နောက် ယင်းစာတမ်းကို ကမ္ဘာ့ဘဏ်ခေါင်းဆောင်များ (အမှု ဆောင်ဒါရိုက်တာအဖွဲ့)သို့ ပေးပို့၍ စီမံကိန်းကို လက်ခံရန်၊ ငြင်းပယ်ရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် အဆုံးအဖြတ်ခံယူရသည်။ ဘဏ်ခေါင်းဆောင်များမှ ယင်းစီမံကိန်းအတွက် လိုအပ်သော ငွေကြေးများကို ထုတ်ချေးပေးရန် (စီမံကိန်းကိုအတည်ပြုပြီးလျှင်)ဆုံးဖြတ်ပြီးမှသာလျှင် PAD ကို အများပြည်သူ သိရှိနိုင်စေရန် ထုတ်ပြန်ပေးသည်။

- လုပ်ငန်းစဉ်မူဘောင် - သည် စီမံကိန်းအကောင်အထည်ဖော်နေစဉ်အတွင်း (စီမံကိန်းစတင်ပြီးနောက်) ဌာနေတိုင်း ရင်းသားရေးရာနှင့် အခြားလူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ရေးဆွဲဖော်ထုတ်ထားသည့် အထွေထွေစီမံချက်အကျဉ်းဖြစ်သည်။ အထူးသဖြင့် ထိန်းသိမ်းနယ်မြေများ၊ ကြိုးဝိုင်းသစ်တောများနှင့် ဆက်စပ်လျက်ရှိသည့် စီမံကိန်းများအတွက် လိုအပ်သည့်မူဘောင်ဖြစ်သည်။ ယင်းမူဘောင်ရေးဆွဲဖော်ထုတ်ရာတွင် ရပ်ရွာလူထုများမှ ပူးပေါင်းပါဝင်နိုင်အောင် ကမ္ဘာ့ဘဏ်မှ ဆောင်ရွက်ပေးရမည်။

- ချေးငွေသဘောတူညီချက် - သည် ဌာနေတိုင်းရင်းသားများနှင့် ယင်းတို့၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်မည့် လုပ်ငန်းများအပါအဝင် စီမံကိန်းအကောင်အထည်ဖော်မှုအတွက် အစိုးရနှင့် ကမ္ဘာ့ဘဏ်ကြား ချုပ်ဆိုသည့် သဘောတူညီချက်ဖြစ်သည်။ ထိုသို့သော သဘောတူညီချက်များကို တစ်ခါတစ်ရံ လျှို့ဝှက်ထားလေ့ရှိသော်လည်း အမြဲတမ်းလိုလိုလျှို့ဝှက်ထားခြင်းမျိုးမရှိပေ။ မိမိတို့၏ အစိုးရထံမှ သဘောတူညီချက်မိတ္တူကို တောင်းခံရယူနိုင်သည်။

- လုပ်ငန်းအဖွဲ့ခေါင်းဆောင် - သည် သီးခြားဘဏ်စီမံကိန်းများကို ကြီးကြပ်ဆောင်ရွက်ရသည့် ကမ္ဘာ့ဘဏ်၏ ဝန်ထမ်းဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ကမ္ဘာ့ဘဏ်ဌာနချုပ်၌ သော်လည်းကောင်း သင်တို့၏ နိုင်ငံအတွင်းရှိ ဘဏ်ရုံးခွဲ၌သော်လည်းကောင်း ရုံးထိုင်လေ့ရှိသည်။ PID မှတ်စုအတွင်း အဆိုပါပုဂ္ဂိုလ်ကို ဆက်သွယ်နိုင်မည့် အသေးစိတ်လိပ်စာပါရှိရန် လိုအပ်သည်။

# ရပ်ရွာလူထု၏ အရေးယူဆောင်ရွက်မှု

## ၈ စီမံကိန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက် ရယူခြင်း

- အခြားဒေသနေတိုင်းရင်းသားများ သို့မဟုတ် မိတ်ဘက် NGO များထံမှ အကူအညီရယူပါ။ (စာမျက်နှာ ၁၀ မှ လိပ်စာအသေးစိတ်ကို ကြည့်ရှုပါ
- NGOs များ၊ ဒေသနေတိုင်းရင်းသားအဖွဲ့အစည်းများနှင့် မိမိတို့နိုင်ငံအတွင်းရှိ ကမ္ဘာ့ဘဏ်ရုံးခွဲများမှ စီမံကိန်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ရတတ်သမျှ များများရယူနိုင်အောင် ကြိုးပမ်းပါ။
- ဘဏ်မှ 'စီမံကိန်းသတင်းအချက်အလက်မှတ်စု(PID)' နှင့် 'ဘက်စုံဘေးဆီးရန်ကာရေးဆိုင်ရာ အချက်အလက်မှတ်စု' မိတ္တူများကို တောင်းခံရယူပါ။ ယင်းစာတမ်းများအတွင်း စီမံကိန်းရည်မှန်းချက်များ၊ အချိန်ဇယားနှင့် ဘဏ်တာဝန်ခံ ('လုပ်ငန်းစီမံခန့်ခွဲရေးမှူး' သို့မဟုတ် 'လုပ်ငန်းအဖွဲ့ခေါင်းဆောင်') ကို ဆက်သွယ်နိုင်သည့် လိပ်စာများဖော်ပြပါရှိသည်။ ထိုစာတမ်းများကို အင်တာနက်မှ မည်သို့ရှာဖွေရယူနိုင်ကြောင်း သိရှိနိုင်ရန် စာမျက်နှာ (၁၀) တွင်ကြည့်ရှုပါ။ မိမိ တို့နိုင်ငံအတွင်းရှိ ဘဏ်ရုံးခွဲမှ ထုတ်ပြန်ပေးခြင်းမရှိပါက အစိုးရအား တောင်းဆိုပါ။

  သင့်အားသတင်းအချက်အလက် ထုတ်ပေးရန် ငြင်းဆန်နေပါက ကမ္ဘာ့ဘဏ်ဌာနချုပ်(စာမျက်နှာ ၁၀)ရှိ ဒေသနေတိုင်းရင်းသားရေးရာဌာနသို့ တိုင်ကြားနိုင်သည်။

- ယင်းမှတ်တမ်းများအတွင်း သင်နှင့် သင့်ရပ်ရွာလူထုအကြောင်း၊ စီမံကိန်းကြောင့် ထိခိုက်ရနိုင်သည့် မြေယာများနှင့် သယံဇာတများအကြောင်းကို မှန်မှန်ကန်ကန်မှတ်တမ်းတင်ထားပါသလား။
- ရပ်သူရွာသားများနှင့် စီမံကိန်းအကြောင်း တိုင်ပင်ဆွေးနွေးပါ။




## အစိုးရနှင့်ဆွေးနွေးတိုင်ပင်မှု




## ၉ အစိုးရမှ ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်မှုများ

ဆွေးနွေးတိုင်ပင်မှုနှင့် ပတ်သက်၍ အစိုးရမှ ရပ်ရွာလူထုအား ကြိုတင်အသိပေး၍ ပူးပေါင်းပါဝင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါသလား။

- ရိုးရာခေါင်းဆောင်များ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးနှင့် အရေးပါသည့် အခြားရပ်ရွာလူထုများ တက်ရောက်ခဲ့ပါသလား။
- စီမံကိန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက် အပြည့်အစုံကို မိမိတို့နားလည်သည့် ဘာသာစကားဖြင့် ထုတ်ပြန်ပေးခဲ့ပါသလား။
- စီမံကိန်းနှင့် ပတ်သက်သည့် ကောင်းကျိုးဆိုးပြစ်အားလုံးကို မခြွင်းမချန် ပြောပြကြပါသလား။
- ဆွေးနွေးတိုင်ပင်ရာ၌ ဒေသနေတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် စုပေါင်းဆုံးဖြတ်သည့် အစဉ်အလာများကို လေးစားသမှုရှိပါသလား။
- ဆွေးနွေးတိုင်ပင်ရာ၌ ရပ်ရွာလူထုတစ်ရပ်လုံး၏ သဘောထားကို ရှာဖွေဖော်ထုတ်ခဲ့ခြင်းမရှိဘဲ လူအနည်းငယ်၏ ထင်မြင်ယူဆချက်များကိုသာ ထည့်သွင်းစဉ်းစားခဲ့ပါသလား။
- ရပ်ရွာလူထုမှ စီမံကိန်းနှင့် ပတ်သက်သည့် မိမိတို့၏ စိုးရိမ်ပူပန်မှုများနှင့် မိမိတို့အတွက် အရေးကြီးသည့် အရာများကို ထည့်သွင်းဆွေးနွေးခဲ့ပါသလား။ ယင်းအချက်များကို ဆွေးနွေးတိုင်ပင်ရာ၌ မှတ်တမ်းတင်ထားပါသလား။
- သင်တို့၏ မေးခွန်းများကို ပြန်လည်ဖြေကြားမှုရှိပါသလား။ သင်တို့ကို ထုတ်ပြန်ပေးသည့် သတင်းအချက်အလက်များ အပေါ် ကျေနပ်အားရမှုရှိပါသလား။
- ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ရာ၌ အစိုးရဘက်မှ ပွင့်လင်းရိုးသားမှုရှိသည်ဟု ယူဆပါသလား။
- ဆွေးနွေးတိုင်ပင်ရာ၌ သင်တို့ကိုယ်စား ဆွေးနွေးပြောဆိုသည့် ရပ်ရွာလူထုများ၊ ခေါင်းဆောင်များနှင့် အဖွဲ့အစည်းများမှ စီမံကိန်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ပြုလုပ်ရန်၊ စီမံကိန်းအစီအစဉ်နှင့် အကောင်အထည်ဖော်ဆောင်မှု ပုံစံများကို အပြောင်းအလဲပြုလုပ်နိုင်သည့် အခွင့်အရေးရှိပါသလား။

ဆွေးနွေးတိုင်ပင်မှုကို ဇယားကွက်(၂)နှင့်အညီ သင့်လျော်စွာ စီမံဆောင်ရွက်ခြင်းမရှိ သို့မဟုတ် ကြိုတင်အသိပေးမှုရှိသည့် ပူးပေါင်းပါဝင်မှုဆိုင်ရာ အခွင့်အရေးများကို လေးစားမှုမရှိဟု ယူဆပါက ကမ္ဘာ့ဘဏ် စီမံကိန်းလုပ်ငန်းမန်နေဂျာသို့ စာဖြင့် ရေးသားတိုင်ကြား၍ မိတ္တူကို ဘဏ်၏ ဒေသနေတိုင်းရင်းသားရေးရာဌာန(စာမျက်နှာ ၁၀ မှ လိပ်စာများကို ကြည့်ရှုပါ)သို့ ပေးပို့ပါ။

# စတင်လုပ်ဆောင်နိုင်သည့် အရာများ




## ၈ လူမှုရေးအခြေအနေလေ့လာဆန်းစစ်မှုအတွင်း ပူးပေါင်းပါဝင်ခြင်း

- မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုများ၊ ယုံကြည်ကိုးကွယ်မှုအလေ့အထများ၊ မြေနှင့် သယံဇာတအရင်းအမြစ်ဆိုင်ရာ ထုံးတမ်းစဉ်လာအခွင့်အရေးများအပေါ် စီမံကိန်းမှ မည်သို့သက်ရောက်ထိခိုက်စေနိုင်သနည်း။
- စီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန် ရပ်ရွာလူထုအား စည်းရုံးဆော်ဩပါ။ အစိုးရသည် ချမှတ်ထားသည့် မူဝါဒ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိပါသလား။ စီမံကိန်းမှ သင်တို့၏ မြေယာနှင့် သယံဇာတအရင်းအမြစ်ဆိုင်ရာ 'အများဆိုင် အရင်းအမြစ်များ'အပေါ် အမှန်တကယ် လေးစားမှုရှိပါသလား။ (ဇယားကွက် ၁ ကိုကြည့်ရှုပါ။)
- ရပ်ရွာအပေါ် စီမံကိန်းမှ ထိခိုက်ပျက်စီးစေနိုင်သည်ဟု ယူဆပါက မိမိတို့ရပ်ရွာလူထုအပေါ် စီမံကိန်းမှ မည်သည့်ပုံစံဖြင့် မည်သို့ အန္တရာယ်ဖြစ်စေနိုင်ကြောင်း လူမှုရေးအခြေအနေ လေ့လာဆန်းစစ်သည့် အကြံပေးများအား တင်ပြပါ။

မိမိတင်ပြပြောဆိုခဲ့သည့် အကြောင်းအရာအားလုံးကို ရေးသားမှတ်တမ်းတင်ပါ။ သို့မဟုတ် အခြားတစ်ယောက်ကို အကူအညီတောင်း၍ ရေးသားမှတ်တမ်းတင်ပါ။ ထို့နောက် သင့်နိုင်ငံအတွင်းရှိ ကမ္ဘာ့ဘဏ်ရုံးခွဲသို့ ရေးသားထားသည့် မှတ်တမ်းကို ပေးပို့၍ အမေရိကန်နိုင်ငံရှိ ကမ္ဘာ့ဘဏ်ရုံးချုပ်သို့ မိတ္တူတစ်စောင် ပေးပို့ပါ။ (စာမျက်နှာ ၁၀ ရှိလိပ်စာများကို ကြည့်ရှုပါ)



**မှတ်ချက်။**
ဘဏ်ကိုပြောဆိုတဲ့အချက်တွေအားလုံးကို ရက်စွဲနဲ့တကွ ရေးမှတ်ထားပြီး မိတ္တူကို သိမ်းဆည်းထားပါ။ ဒါမှနောက်ပိုင်းကျရင် သက်သေပြလို့ရမှာ။

## ၉ စီမံကိန်းအပေါ် တုန့်ပြန်ခြင်း

- ရပ်ရွာလူထုမှ စီမံကိန်းကို အလိုမရှိကြောင်း ဆုံးဖြတ်ပါက အကြံပေးများကို တင်ပြ၍ ကြေညာချက်မိတ္တူမှုကို ကမ္ဘာ့ဘဏ်၏ စီမံကိန်းလုပ်ငန်းမန်နေဂျာသို့ ပေးပို့ပါ။ ဖြစ်နိုင်ပါက မိမိတို့၏ ဆုံးဖြတ်ချက်အတွက် ယုံကြည်အားကိုးထိုက်သည့် ပြင်ပပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို မျက်မြင်သက်သေပြုလုပ်စေပါ။ ရပ်ရွာလူထုမှ အလိုမရှိကြောင်း ရှင်းလင်းသည့် သာဓကအထောက်အထားများဖြင့် တင်ပြလာသည့် စီမံကိန်းမျိုးကို ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေထောက်ပံ့ပေးလိမ့်မည်မဟုတ်ပါ။
- စီမံကိန်းမှ ရပ်ရွာလူထုအတွက် ကောင်းကျိုးချမ်းသာများ ယူဆောင်လာနိုင်သည်ဟု ယူဆပါက စီမံကိန်းနှင့် ပတ်သက်၍ အကြံပေးများနှင့် ရပ်ရွာလူထုအကြား သဘောတူညီမှုရရှိခဲ့သည့် အချက်များအပါအဝင် အစီရင်ခံစာအတွင်း ထည့်သွင်းရေးသားမည့် အကြောင်းအရာများကို ရှင်းလင်းပြောဆိုပေးပါရန် အကြံပေးများကို တောင်းဆိုပါ။
- စီမံကိန်း၏ အချို့သောအစိတ်အပိုင်းများနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်နေပါက သဘောတူထောက်ခံမှုမပြုမီ စီမံကိန်းနှင့် ပတ်သက်၍ ပြောင်းလဲပြင်ဆင်ရမည့် အကြောင်းအရာများကို အကြံပေးများအား တင်ပြပါ။ ရပ်ရွာအတွင်း အစိုးရနှင့် ဘဏ်မှ လေးစားလိုက်နာရန်လိုအပ်သည့် ရိုးရာဓလေ့အရ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များရှိကြောင်း အကြံပေးများအား အခိုင်အမာ ရှင်းလင်းတင်ပြပါ။
- ရပ်ရွာလူထုမှ စီမံကိန်းကို လက်ခံနိုင်သည်ဆိုပါက မိမိတို့အနေဖြင့် နောက်ဆုံးအတည်ပြုထားသည့် စီမံကိန်းစာရွက်စာတမ်းများကို တွေ့မြင်ရမှသာလျှင် ရပ်ရွာထောက်ခံမှုကို အတည်ပြုနိုင်ကြောင်းနှင့် အစိုးရမှ မိမိတို့၏ အခွင့်အရေးနှင့် ထင်မြင်ယူဆချက်များကို အပြည့်အဝလေးစားလိုက်နာရန် သဘောတူကြောင်း ရေးသားအတည်ပြု၍ စီမံကိန်းမှ ရရှိမည့် ရပ်ရွာလူထု၏ အကျိုးခံစားခွင့်များကို အပြည့်အဝကာကွယ်ပေးမှသာလျှင် သဘောတူနိုင်ကြောင်း အကြံပေးများအား တင်ပြပါ။

နောက်ဆုံးအတည်ပြုထားသည့် စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများကို အသေးစိတ်လေ့လာ၍ နားလည် သဘောပေါက်ခြင်းမရှိမီ ရပ်ရွာလူထုအများစု၏ သဘောတူထောက်ခံချက်နှင့် ပတ်သက်သည့် မည်သည့် စာရွက်စာတမ်းပေါ်တွင်မျှ လက်မှတ်ရေးထိုးခြင်း မပြုပါနှင့်။ ဤအချက်ကို စီမံကိန်းအကဲဖြတ်သည့်အဆင့် (ဇယားကွက် ၇ ကိုကြည့်ရှုပါ)တွင် တွေ့မြင်ရပါလိမ့်မည်။

# ရပ်ရွာလူထု၏ အရေးယူဆောင်ရွက်မှု

## ငှ ဌာနေတိုင်းရင်းသားရေးရာအစီအမံအတွင်း ရပ်ရွာလူထုမှ ဖြည့်စွက်ပြင်ဆင်ခြင်း

- အစိုးရမှ ဌာနေတိုင်းရင်းသားရေးရာအစီအမံအတွက် သင်တို့အား လာရောက်ဆွေးနွေးတိုင်ပင်သည့်အခါ အစီအမံကို ရေးဆွဲအကောင်အထည်ဖော်ရာ၌ ကြိုတင်အသိပေးမှုရှိသော ပူးပေါင်းပါဝင်မှုဖြစ်စေရန် မိတ်ဘက် NGOs များမှ သော်လည်းကောင်း အကြံပေးများထံမှသော်လည်းကောင်း အကြံညဏ်များရယူ၍ စီစဉ်ဆောင်ရွက်ပါ။
- မိမိတို့ ရပ်ရွာလူထုအပေါ် သက်ရောက်လာနိုင်သည့် ဆိုးကျိုးများကို ရှောင်လွှဲ၍ အကျိုးအမြတ်များများရရှိအောင် စီမံဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမှ ထောက်ပံ့ပေးစေလိုသည့် အကြောင်းအရာများကို အတူတကွဆုံးဖြတ်ရန် ရပ်ရွာလူထုအား စည်းရုံးဆော်ဩပါ။ ဖြစ်နိုင်ပါက အဆိုပါဆောင်ရွက်ချက်များအတွက် ကုန်ကျမည့်စရိတ်စကများကိုပါ ထည့်သွင်းတွက်ချက်ထားပါ။
- အစိုးရမှ ဌာနေတိုင်းရင်းသားရေးရာအစီအမံနှင့် ပတ်သက်၍ ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ရာ၌ မှန်ကန်သည့် လုပ်ထုံးလုပ်နည်းများ(ဇယားကွက် ၂)ကို အသုံးပြုခဲ့ပါသလား။ အဆိုပါ အစီအမံကို ရေးဆွဲဖော်ထုတ်၍ အကောင်အထည်ဖော်ရာ၌ ရပ်ရွာလူထုမှ ပါဝင်ခဲ့ပါသလား။
- ဌာနေတိုင်းရင်းသားရေးရာအစီအမံအတွင်း မည်သည့်အချက်များကို ထည့်သွင်းရေးသားမည်ဖြစ်ကြောင်း အကြံပေးများကို မေးမြန်းပါ။ အဆိုပါအစီအမံသည် ရပ်ရွာလူထုအတွက် အမှန်တကယ် အရေးကြီးသည့် အကြောင်းအရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်စိတ်ချမှု ရှိပါသလား။






ရပ်ရွာလူထုမှ ဆွေးနွေးတင်ပြသည့် အချက်များနှင့် အကြံပေးများမှ ဆွေးနွေးပြောဆိုသည့် အချက်များအားလုံးကို ရေးသား မှတ်တမ်းတင်ပါ။ မိမိတို့ကိုယ်တိုင် ရေးသားရန် အခက်အခဲရှိပါက အခြားသူတစ်ဦးဦးထံမှ အကူအညီရယူပါ။




## စ အတင်းအကျပ် ရွှေ့ပြောင်းနေရာချထားမှုကို တားဆီးကာကွယ်ခြင်း

- လွတ်လပ်၍ ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှုအတွက် အစိုးရမှ ဇယားကွက် (၂)တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်စွာဆောင်ရွက်ခဲ့ပါသလား။
- အစိုးရ၏ စီမံချက်များကို လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန်အတွက် ဇယားကွက်(ဃ)မှ လမ်းညွှန်ချက်များကို အသုံးပြုပါ။
- ကန့်သတ်နယ်မြေအတွက် ရပ်ရွာလူထုမှ အသုံးပြုလျက်ရှိသည့်ပုံစံကို ပြောင်းလဲမှု သို့မဟုတ် ရွှေ့ပြောင်းနေရာချထားမှုနှင့် ပတ်သက်သည့် ရပ်ရွာလူထု၏ ကန့်ကွက်မှုများကို အကြံပေးများမှ မှတ်တမ်းတင်ခဲ့ပါသလား။
- ရွှေ့ပြောင်းနေထိုင်ရန် သို့မဟုတ် ကန့်သတ်နယ်မြေအတွက် အသုံးချပုံစံပြောင်းလဲရန် ရပ်ရွာလူထုမှ သဘောတူသည် ဆိုပါကလည်း ရပ်ရွာလူထုမှ အစားထိုးတောင်းဆိုသည့် သို့မဟုတ် မြေယာ၊ သယံဇာတအရင်းအမြစ်များ၊ အသက်မွေးဝမ်းကျောင်းများနှင့် ယုံကြည်ကိုးကွယ်မှုအလေ့အထများ ပျောက်ဆုံးပျက်စီးမှုအတွက် တောင်းဆိုသည့် နစ်နာကြေးများကို အကြံပေးများမှ အသေအချာ ရေးသားမှတ်တမ်းတင်မှုရှိအောင် ဆောင်ရွက်ပါ။

မှတ်ချက် - ကမ္ဘာ့ဘဏ်စီမံကိန်းများ၌ အစိုးရအနေဖြင့် ရပ်ရွာလူထုများအား အတင်းအကျပ်ရွှေ့ ပြောင်းနေရာချထားမှု သို့မဟုတ် ၎င်းတို့၏ သယံဇာတအရင်းအမြစ်ဆိုင်ရာ အစဉ်အလာအသုံးပြုမှုပုံစံများကို အတင်းအကျပ်ပြောင်းလဲပိုင်ခွင့်မရှိပေ။

# စတင်လုပ်ဆောင်နိုင်သည့် အရာများ




## ၁၀ စီမံကိန်းအကဲဖြတ်ခြင်းနှင့် အတည်ပြုခြင်း

- မိမိတို့၏ နိုင်ငံသို့ ဘဏ်၏ အကဲဖြတ်အဖွဲ့ မည်သည့်အချိန်၌ လာရောက်လေ့လာမည်ကို သိရှိနိုင်ရန် ကမ္ဘာ့ဘဏ်သို့ စာရေးမေးမြန်းပါ။ ရပ်ရွာကို ကိုယ်စားပြုပြောဆိုနိုင်သည့် အုပ်စုများနှင့် ခေါင်းဆောင်များကို တွေ့ဆုံရန် အကဲဖြတ် အဖွဲ့အား တောင်းဆိုပါ။ ဆွေးနွေးညှိနှိုင်းမှုများကို မျက်မြင်သက်သေပြုရန်အတွက် စောင့်ကြည့်လေ့လာသူများကို သတ်မှတ်ထားရှိပါ။
- သင်တို့လက်ခံရရှိသည့် စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများ၌ မှန်ကန်သည့် ဘာသာစကားဖြင့် သင်တို့နားလည်နိုင်အောင် ရေးသားဖော်ပြထားပါသလား။
- စီမံကိန်းအကဲဖြတ်ချက်စာတမ်းမူကြမ်းနှင့် လူမှုရေးအခြေအနေ လေ့လာဆန်းစစ်ချက်အပြည့်အစုံတို့၏ မိတ္တူများကို တောင်းခံပါ။ ဘဏ်မှ မဖြစ်မနေပေးအပ်ရန် လိုအပ်သည့် စာရွက်စာတမ်းများ မဟုတ်သော်လည်း ရလိုရငြားကြိုးစား ကြည့်သင့်သည်။
- စီမံကိန်းဖော်ပြချက်အကျဉ်းနှင့် အခြားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက်ကဲ့သို့သော စာတမ်းများ၏ နောက်ဆုံးအတည်ပြုချက်မိတ္တူများကို ရယူနိုင်အောင် ကြိုးပမ်းပါ။ ယင်းစာတမ်းများအတွင်းမှ ရေးသားဖော်ပြချက်များအပေါ် သဘောတူမတူ လေ့လာဆုံးဖြတ်ပါ။
- လူမှုရေးအခြေအနေ လေ့လာဆန်းစစ်ချက်အတွင်း သင်တို့၏ ရပ်ရွာလူထု၊ ထုံးတမ်းစဉ်လာအခွင့်အရေးများ၊ သင်တို့၏ မြေနှင့် သယံဇာတအရင်းအမြစ်များနှင့် ပတ်သက်၍ မှန်ကန်စွာသုံးသပ်ဖော်ပြထားပါ သလား။ စီမံကိန်းမှ မိမိတို့အပေါ် မည်သို့ သက်ရောက်ထိခိုက်လာနိုင်ကြောင်း သုံးသပ်ထားသည့် ရပ်ရွာလူထု၏ ထင်မြင်ယူဆချက်များကို ထည့်သွင်းဖော်ပြထားပါသလား။
- စီမံကိန်းနှင့် ပတ်သက်၍ အစိုးရနှင့် ရပ်ရွာလူထုအကြား သဘောတူညီမှုရခဲ့သည်ဆိုပါက ရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုများနှင့် စီမံကိန်းအပေါ် ကန့်ကွက်ခဲ့သည့် အချက်များအပါအဝင် သဘောတူညီချက်များကို ယင်းစာတမ်းအတွင်း မှန်မှန်ကန်ကန် မှတ်တမ်းတင်ထားပါသလား။
- မူကြမ်းနှင့် နောက်ဆုံးအတည်ပြုထားသည့် ဌာနေတိုင်းရင်းသားရေးရာအစီအမံအပေါ် ရပ်ရွာလူထုမှ သဘောတူပါသလား။ အထူးသဖြင့် ယင်းအစီအမံ၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစီမံချက်များ၊ စီမံကိန်းကို စောင့်ကြည့်လေ့လာမည့် နည်းလမ်းများ၊ တိုင်ကြားရေးစနစ်များ၊ ဘဏ္ဍာငွေလျာထားမှုများနှင့် အကောင်အထည်ဖော်မည့် သူများအတွက် အလုပ်သဘောတူစာချုပ်များ (အကောင်အထည်ဖော်ရေးအစီအမံများ)အပေါ် ရပ်ရွာလူထုမှ သဘောတူညီမှု ရှိပါသလား။
- သင်တို့၏ ရပ်ရွာလူထုနှင့် ကန့်သတ်နယ်မြေများအတွက် စီစဉ်ရေးဆွဲထားသည့် လုပ်ငန်းစဉ်မူဘောင်မူကြမ်းအား သဘောတူလက်ခံပါသလား။

စာရွက်စာတမ်းများကို သဘောတူလက်ခံခြင်းမရှိပါက သို့မဟုတ် စီမံကိန်းမှ သင်တို့၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို မည်သို့ဖြည့်ဆည်းပေး၍ မည်သို့အသိအမှတ်ပြုမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိပါက ထိုအခြေအနေမျိုးတွင် ထောက်ခံချက်မပေးနိုင်ကြောင်း ကမ္ဘာ့ဘဏ်သို့ ရေးသားတင်ပြ၍ အပြောင်းအလဲပြုလုပ်ပေးရန် တောင်းဆိုပါ။ သင်တို့၏ တောင်းဆိုချက်များကို ပြန်လည်တုန့်ပြန်ရာ၌ စာဖြင့်ရေးသား အတည်ပြုရန် ကမ္ဘာ့ဘဏ်အား တောင်းဆိုပါ။

ကမ္ဘာ့ဘဏ်၏ တုန့်ပြန်ချက်အပေါ် ကျေနပ်အားရခြင်းမရှိပါက စီမံကိန်းအတည်မပြုမီ ဘဏ်၏ အမှုဆောင်ဘုတ်အဖွဲ့သို့ တင်ပြနိုင်ရန် မိမိတို့ဘက်မှ ကန့်ကွက်ကြောင်း ကြေညာချက်ကို တဖန်ပြန်လည် ရေးသားပေးပို့ပါ။

- စီမံကိန်းအပေါ် မည်သည့်နည်းနှင့်မျှ သဘောတူလက်ခံနိုင်ခြင်းမရှိပါက ဘုတ်အမှုဆောင်အဖွဲ့မှ ချေးငွေကို အတည်ပြုရန် စည်းဝေးမှုမတိုင်မီ ဘဏ်အမှုဆောင်ဒါရိုက်တာအဖွဲ့၏ နိုင်ငံအလိုက်ကိုယ်စားလှယ်နှင့် တွေ့ဆုံခွင့်ပေးရန် တောင်းဆိုပါ။

## ၄ စီမံကိန်းဖော်ဆောင်ခြင်း

- ရပ်ရွာလူထုမှ စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများကို မှန်မှန်ကန်ကန် လက်ခံရရှိခဲ့ပါသလား။
- ရပ်ရွာလူထုသည် လွတ်လပ်၍ ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှုမှတစ်ဆင့် စီမံကိန်းအတွင်း အပြည့်အဝ ပူးပေါင်းပါဝင်မှုရှိပါသလား။ စီမံကိန်းဖော်ဆောင်မှု၊ ငွေကြေးသုံးစွဲမှုနှင့် မိမိတို့သဘောတူထားသည့် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပုံမှန်လက်ခံရရှိပါသလား။
- အစိုးရသည် သင်တို့နှင့် ပြုလုပ်ခဲ့သည့် သဘောတူညီချက်များကို မှန်မှန်ကန်ကန် လေးစားလိုက်နာမှုရှိပါသလား။
- စီမံကိန်း၏ တိုင်ကြားရေးစနစ်ကို နားလည်သဘောပေါက်ပါသလား။ အဆိုပါစနစ်အတိုင်း အလွယ်တကူတိုင်ကြားနိုင်ပြီး ဘဏ်ဘက်မှလည်း မဆိုင်းမတွ တုန့်ပြန်ဖြေရှင်းပေးလေ့ရှိပါသလား။
- စီမံကိန်းစောင့်ကြည့်လေ့လာရေး အစီရင်ခံစာများ၏ မိတ္တူများကို တောင်းခံပြီး မိမိတို့တင်ပြသည့် ပြဿနာရပ်များကို မှတ်တမ်းတင်ထားမှုရှိမရှိ လေ့လာဆန်းစစ်ပါ။
- စီမံကိန်းနှင့် ပတ်သက်သည့် အစိုးရ၏ နှစ်အလိုက် စီမံချက်များနှင့် ဘဏ္ဍာရေးလျာထားချက်များကို သိရှိနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်၏ နှစ်အလိုက် လုပ်ငန်းစီမံချက်မိတ္တူကို တောင်းခံပါ။
- စီမံကိန်းနှင့် ပတ်သက်သည့် ပြဿနာရပ်များ ပြေလည်မှုမရှိသေးပါက သို့မဟုတ် အစိုးရမှ စီမံကိန်းဖော်ပြချက်များကို လေးစားလိုက်နာမှုမရှိပါက ဘဏ်၏ စီမံကိန်းလုပ်ငန်းငန်းမန်နေဂျာထံသို့ စာရေးတင်ပြပါ။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ လူထုကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGOs များထံမှ အကူအညီတောင်းခံနိုင်သည်။
- စီမံကိန်းအကောင်အထည်ဖော်လျက်ရှိသည့် အစိုးရဌာနများကို နိုင်ငံတော်ဥပဒေများဖြင့် စည်းကြပ်ထားသည်။ သို့ဖြစ်၍ စီမံကိန်းမှ အဆိုပါဥပဒေများကို ချိုးဖောက်သည်ဟု ယူဆပါက စီမံကိန်း လုပ်ငန်းစဉ်များကို ရပ်တန့်ရန် သို့မဟုတ် အပြောင်းအလဲပြုလုပ်ပေးရန် နိုင်ငံတော်တရားရုံးသို့ ဦးတိုက်လျှောက်ထားနိုင်သည်။
- ကမ္ဘာ့ဘဏ်၏ စုံစမ်းစစ်ဆေးရေးဌာနသို့ တရားဝင်တိုင်ကြားလိုပါကလည်း တိုင်ကြားနိုင်သည်။ စုံစမ်းစစ်ဆေးရေးဌာနမှ ပြဿနာရပ်များကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းမရှိသော်လည်း ဆက်စပ်အကျိုးဝင်လျက်ရှိသည့် ဘဏ်ထိပ်သီးခေါင်းဆောင်များကို အထောက်အထားခိုင်ခိုင်လုံလုံဖြင့် တင်ပြပေးနိုင်သည်။

# အကူအညီနှင့် သတင်းအချက်အလက် ပိုမိုရရှိနိုင်သည့် ရင်းမြစ်များ

## မိမိတို့နိုင်ငံအတွင်းရှိ ကမ္ဘာ့ဘဏ်

နိုင်ငံအများစု၏ မြို့တော်များ၌ ကမ္ဘာ့ဘဏ်ရုံးခွဲများ ဖွင့်လှစ်ထားလေ့ရှိသည်။ မိမိတို့နိုင်ငံအတွင်း ကမ္ဘာ့ဘဏ်မှ ရုံးစိုက်ထားခြင်းရှိမရှိ သိရှိနိုင်ရန် http://www.worldbank.org/countries ဝက်ဘ်ဆိုဒ်အတွင်း ရှာဖွေကြည့်ရှုနိုင်သည်။

အဆိုပါ ဝက်ဘ်ဆိုဒ်လိပ်စာအတွင်း ရှာဖွေကြည့်ရှုခြင်းအားဖြင့် မိမိနိုင်ငံအတွင်း ရုံးစိုက်ထားသည့် ဘဏ်နှင့်ပတ်သက်သည့် ဆိုဒ်ကို တွေ့ရှိရမည်ဖြစ်သည်။ ယင်းဝက်ဘ်ဆိုဒ်အတွင်း မိမိတို့နိုင်ငံနှင့် ပတ်သက်သည့် သုတေသနစာတမ်းများ၊ စီမံကိန်းအချက်အလက်များနှင့် အစီရင်ခံစာများကို ဖော်ပြထားလေ့ရှိသည်။ တစ်ချို့သော သတင်းအချက်အလက်များကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ထားခြင်းမရှိသဖြင့် ဝက်ဘ်ဆိုဒ်ပေါ်၌ တွေ့မြင်ရမည်မဟုတ်ပေ။ စတင် အကောင်အထည် ဖော်မှုမရှိသေးသည့်(ပြင်ဆင်နေဆဲ) စီမံကိန်းများအကြောင်း သိရှိလိုပါက 'စီမံကိန်းများနှင့် အစီအစဉ်များ' ကဏ္ဍသို့ ဝင်ရောက်၍ 'အဆိုပြုစီမံကိန်းများ' ဟူသည့် ကဏ္ဍမှ စီမံကိန်းအမည်ကို ရွေးချယ်လိုက်ပါက စီမံကိန်း သတင်းအချက်အလက်မှတ်စု(PID)နှင့် အခြားဆက်စပ် စာရွက်စာတမ်းများ ထွက်ပေါ်လာပါလိမ့်မည်။

မိမိတို့နိုင်ငံအတွင်းရှိ ကမ္ဘာ့ဘဏ်နှင့် ပတ်သက်သည့် ဝက်ဘ်ဆိုဒ်အတွင်း ရပ်ရွာလူထုများမှ တိုက်ရိုက်ဆက်သွယ်နိုင်သည့် နိုင်ငံအတွင်းရှိ ပြင်ပဆက်ဆံရေးအရာရှိ၏ လိပ်စာကိုလည်း ဖော်ပြထားလေ့ရှိသည်။ မိမိတို့နိုင်ငံကို ရွေးချယ်၍ 'ဆက်သွယ်ရန်/ပါဝင်ရန်'ဟူသည့် ကဏ္ဍ၌ အဆိုပါပုဂ္ဂိုလ်အား ဆက်သွယ်နိုင်သည့် လိပ်စာကို ရှာဖွေကြည့်ရှုနိုင်သည်။

## ကမ္ဘာ့ဘဏ် ဌာနချုပ်

မိမိတို့နိုင်ငံအတွင်းရှိ စီမံကိန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရယူလိုပါက မိမိတို့နိုင်ငံအတွင်းရှိ ရုံးခွဲသို့ ဆက်သွယ်ပါက ပိုမိုထိရောက်ပါလိမ့်မည်။ သို့မဟုတ် အောက်တွင်ဖော်ပြထားသည့် လိပ်စာအတိုင်း အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ၌ အခြေစိုက်ထားသည့် ကမ္ဘာ့ဘဏ်ဌာနချုပ်ရှိ ဌာနေတိုင်းရင်းသားရေးရာ ညှိနှိုင်းရေးမှူးသို့ စာဖြင့်သော်လည်းကောင်း အီးမေးလ်ဖြင့်သော်လည်းကောင်း တိုက်ရိုက်ဆက်သွယ်နိုင်သည်။ စီမံကိန်းအစီအစဉ် ချမှတ်မှုနှင့် အကဲဖြတ်မှုလုပ်ငန်းစဉ်အတွင်း မိမိတို့မှ ကမ္ဘာ့ဘဏ်ဌာနချုပ်နှင့် နိုင်ငံတွင်း အခြေစိုက်ရုံးခွဲသို့ ပေးပို့သည့် စာများနှင့် အီးမေးလ်များအားလုံးကို မိတ္တူပွား၍ သိမ်းဆည်းထားရန် လိုအပ်သည်။

ဖက်စ: +1 202 477 0565

အီးမေးလ: indigenouspeoples@worldbank.org

စာတိုက်အမှတ: World Bank
Mail Stop Number MC5-523
1818 H Street, NW
Washington, D. C. 20433 USA

ကမ္ဘာ့ဘဏ်သို့ စာရေးသားခြင်းဖြင့် သော်လည်းကောင်း ကမ္ဘာ့ဘဏ်ဝက်ဘ်ဆိုဒ်မှ ဌာနေတိုင်းရင်းသားရေးရာ မူဝါဒအတွင်းဝင် ရောက်ကြည့်ရှုခြင်းဖြင့်သော်လည်းကောင်း စာတမ်းနှစ်စောင်၏ မိတ္တူများကို ရယူနိုင်သည်။ ၎င်းတို့မှာ -

လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၄.၁၀) - ဌာနေတိုင်းရင်းသားများနှင့် ဘဏ်လုပ်ထုံးလုပ်နည်း (၄.၁၀) - ဌာနေတိုင်းရင်းသားများဟူသည့် စာတမ်းများဖြစ်ကြသည်။

အဆိုပါစာတမ်းများကို ဘင်္ဂလီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဟင်ဒီ၊ ရုရှား၊ စပိန်နှင့် ဗီယက်နမ်ဘာသာစကားများဖြင့် ရယူနိုင်ပါသည်။

http://web.worldbank.org/WBSITE/EXTERNAL/PROJECTS/EXTPOLICIES/EXTSAFEPOL/0,,contentMDK:20761200~menuPK:2046439~pagePK:64168445~piPK:64168309~theSitePK:584435,00.html

## နိုင်ငံအတွင်းရှိ NGOs များနှင့် အခြားအဖွဲ့အစည်းများ၏ အကူအညီ

နိုင်ငံအတော်များများ၌ ကမ္ဘာ့ဘဏ်စီမံကိန်းများနှင့် ပတ်သက်သည့် အကြောင်းအရာများ သို့မဟုတ် အတိတ်ကာလ၌ ကမ္ဘာ့ဘဏ် စီမံကိန်းများကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းခဲ့ရသည့် အစိုးရမဟုတ်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ(NGOs) ရှိကြသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံအတွင်းမှ ကမ္ဘာ့ဘဏ်နှင့် ပတ်သက်၍ အတွေ့အကြုံရှိသည့် NGOs များကို ရှာဖွေဖော်ထုတ်၍ အကူအညီတောင်းခံနိုင်ပါက ပိုမိုထိရောက်ပါလိမ့်မည်။

## International support

သစ်တောနေလူထုအစီအစဉ် (FPP) သည် ကမ္ဘာ့ဘဏ်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ စီမံကိန်းများကြောင့် ထိခိုက်ပျက်စီးမှုနှင့် အပေါ်စီးမှ တစ်ဘက်သတ်ချမှတ်သည့် စီမံကိန်းများကို စိန်ခေါ်၍ ဌာနေတိုင်းရင်းသားများ၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုင်ရာ ရပိုင်ခွင့်များကို ထောက်ခံအားပေးလျက်ရှိသည့် NGO တစ်ရပ်ဖြစ်သည်။ FPP အနေဖြင့် ကမ္ဘာ့ဘဏ် စီမံကိန်းများကို တုန့်ပြန်ရာ၌ ဆောင်ရွက်နိုင်သည့်အရာများ၊ ကမ္ဘာ့ဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သည့် အကြံဉာဏ်များ ပေးအပ်နိုင်သည့်အပြင် စီမံကိန်းအတွင်း ပါဝင်လျက်ရှိသည့် အစိုးရ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ဥပဒေကြောင်းအရ လုပ်ဆောင်နိုင်သည့် အရာများကိုလည်း အကြံပေးနိုင်ပါသည်။

http://www.forestpeoples.org သည် FPP ၏ ဝက်ဘ်ဆိုဒ်လိပ်စာဖြစ်သည်။

ဖုန်း - +44 1608 652893
ဖက်စ် - +44 1608 652878
အီးမေးလ် - info@forestpeoples.org
စာတိုက်အမှတ် - FPP, 1c Fosseway Business Centre, Stratford Road,
Moreton-in-Marsh, GLOS. GL56 9NQ, UK

ဘဏ်သတင်းအချက်အလက်ဌာန(BIC) သည် လူမှုစီးပွားရေး တရားမျှတမှုနှင့် ဂေဟဗေဒဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုတို့ကို အားပေးမြှင့်တင်ရန်အတွက် ဖွံ့ဖြိုးဆဲတိုင်းပြည်များမှ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် လက်တွဲ၍ ကမ္ဘာ့ဘဏ်နှင့် အခြား နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ အပေါ် ဩဇာလွှမ်းမိုးနိုင်စေရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် NGO တစ်ရပ်ဖြစ်သည်။ BIC ဝက်ဘ်ဆိုဒ်အတွင်း ကမ္ဘာ့အနှံ့ စီမံအကောင်အထည်ဖော်လျက်ရှိသည့် ကမ္ဘာ့ဘဏ်စီမံကိန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက် အမြောက်အများ စုစည်းဖော်ပြထားသည်။

http://www.bicusa.org သည် BIC ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည်။

ဖုန်း - +1 202 737 7752
ဖက်စ် - +1 202 737 1155
အီးမေးလ် - info@bicusa.org
စာတိုက်အမှတ် - BIC, 1100 H Street, NW, Suite 650
Washington, D.C. 20005, USA

BIC ၌ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းအမြောက်အများမှ ဆက်သွယ်နိုင်သည့် ပုဂ္ဂိုလ်များ၏ လိပ်စာများကို ဖော်ပြထားသည်။ BIC ၏ http://www.bicusa.org/en/Regions ဝက်ဘ်ဆိုဒ်အတွင်း မိမိတို့နိုင်ငံနှင့် ပတ်သက်သည့် ပုဂ္ဂိုလ်များအား ဆက်သွယ်နိုင်မည့်လိပ်စာများကို ရှာဖွေရယူနိုင်သည်။

ဤဝက်ဘ်ဆိုဒ်၌ ကမ္ဘာ့ဘဏ်နှင့် အခြားငွေကြေးအဖွဲ့အစည်းများ ဖြစ်သော အာရှဖွံ့ဖြိုးရေးဘဏ်၊ အင်တာအမေရိကန် ဖွံ့ဖြိုးရေးဘဏ်နှင့် အာဖရိကဖွံ့ဖြိုးရေးဘဏ်တို့၏ အရေးပါသည့် ထိပ်သီးပုဂ္ဂိုလ်များကို ဆက်သွယ်နိုင်မည့် လိပ်စာများကိုပါ ဖော်ပြထားသည်။

နိုင်ငံတကာဆိုင်ရာ တာဝန်ခံမှုစီမံကိန်း(IAP) သည် ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများနှင့် လူမှုရေးအထောက်အပံ့ပေးလျက်ရှိသည့် အဖွဲ့အစည်းများနှင့် ပတ်သက်၍ ဌာနေတိုင်းရင်းသားများနှင့် ရပ်ရွာလူထုများမှ မည်သို့ တိုင်ကြားနိုင်ကြောင်း အကြံဉာဏ်ပေးလျက်ရှိသည့် နိုင်ငံတကာ NGO တစ်ရပ်ဖြစ်သည်။

http://www.accountabilityproject.org သည် IAP ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည်။

ဖုန်း - +1 510 759 4440
စာတိုက်အမှတ် - IAP, 657 Mission Street, Suite 500
San Francisco, CA 94105, USA

## မှတ်ချက်

**ဌာနေတိုင်းရင်းသားရေးရာမူဝါဒ စာတမ်းအပြည့်အစုံဖြစ်သော OP4.10၊ BP4.10 နှင့် အခြားနောက်ဆက်တွဲအားလုံး၏ မိတ္တူများကို ရယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပါ။**

သင်တို့အနေဖြင့် ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေထောက်ပံ့ပေးထားသည့် စီမံကိန်းသည် မိမိတို့၏ ရပ်ရွာလူထုများနှင့် နယ်မြေဒေသများအပေါ် သက်ရောက်ထိခိုက်စေနိုင်သည်ဟု ယူဆပါက ကမ္ဘာ့ဘဏ် မူဝါဒအပြည့်အစုံ၏ မိတ္တူကို လက်ဝယ်ပိုင်ဆိုင်ထားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန် အလွန်အရေးကြီးသည်။ ယင်းမူဝါဒ၌ ဌာနေတိုင်းရင်းသားများနှင့် ပတ်သက်သည့် လုပ်ငန်းပိုင်းဆိုင်ရာမူဝါဒအမှတ် ၄.၁၀နှင့် ဘဏ်လုပ်ထုံးလုပ် နည်းအမှတ် ၄.၁၀ တို့ ပါဝင်လျက်ရှိသည်။

အဆိုပါမူဝါဒပိုင်းဆိုင်ရာ စာတမ်းများကို အင်တာနက်မှတစ်ဆင့် အောက်ပါ ဝက်ဘ်ဆိုဒ်တွင် ရယူနိုင်သည်။

http://web.worldbank.org/WBSITE/EXTERNAL/PROJECTS/EXTPOLICIES/EXTSAFEPOL/0,,contentMDK:20761200~menuPK:2046439~pagePK:64168445~piPK:64168309~theSitePK:584435,00.html

**ဒီစီမံကိန်းသာ ကမ္ဘာ့ဘဏ်ရဲ့စီမံကိန်းဖြစ်ခဲ့မယ်ဆိုရင် ကိုယ်မပြောင်းချင်ပဲ အစိုးရက ကိုယ့်ကို အတင်းအကျပ် ရွှေ့ပြောင်းခိုင်းလို့ မရဘူးဆိုတာကို မှတ်ထားဖို့လိုပါတယ်။။**

**Forest Peoples Programme**
1c Fosseway Centre, Moreton-in-Marsh, GL56 9NQ, UK
tel: +44 1608 652893 fax: +44 1608 652878
info@forestpeoples.org www.forestpeoples.org